# လူသားချင်း စာနာမှုဆိုင်ရာ သတင်းလွှာ

မြန်မာနိုင်ငံ

အတွဲ ၁ | ဇန်နဝါရီ ၂၀၁၄




ကချင်ပြည်နယ်မှ IDP အမျိုးသမီးတစ်ဦး
ဓါတ်ပုံ- DRC/K. Roelle

ဤစာစောင်တွင်


ကချင်ပြည်နယ် ထောက်ပံ့မှုဆိုင်ရာ ခရီးစဉ်များ စာ-၁
နေရာထိုင်ခင်း နှင့် သန့်ရှင်းရေး လိုအပ်ချက်များ စာ-၂
ပညာရေးဆိုင်ရာ လိုအပ်ချက်များ စာ-၂
ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာရသူများ စာ-၃
IDP အမျိုးသမီးငယ်များနှင့် အကြမ်းဖက်မှုအန္တရာယ် စာ-၄


## အဓိကအချက်များ

- ဇန်နဝါရီလတွင် ကချင်ပြည်နယ်၌ ဒေသ-ဖြတ်ကျော် ခရီးစဉ် ၆-ခု သွားရောက်ခဲ့သည်။
- ကချင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်စခန်းမှ ဘော်ဒါကျောင်းများ တွင် နေထိုင်မှု အခြေအနေများ ပိုမို ကောင်းမွန်ရန် လိုအပ်သည်။
- ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် နေရပ်စွန့်ခွာ တိမ်းရှောင်ရသူများ ဆက်လက် ရှိနေဆဲဖြစ်သည်။
- ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာ တိမ်းရှောင်ရသူ အမျိုးသမီးငယ်များအတွက် အကြမ်းဖက်ခံရမှု အန္တရာယ်များ ရှိသည်။

## ကိန်းဂဏန်းများ

ရခိုင်ပြည်နယ်

| | |
|---|---|
| **နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းရှိဦးရေ** | ၁၁၀၀၀၀ |
| အခြားနေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၂၈၀၀၀ |

ကချင်ပြည်နယ်

| | |
|---|---|
| **နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းရှိဦးရေ** | ၈၁၀၀၀ |
| အခြားနေရပ်စွန့်ခွာ တိမ်းရှောင်သူများ | ၁၀၀၀၀ |
| နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းသို့ ထပ်မံ ရောက်ရှိလာသူဦးရေ (၂၀၁၃ နိုဝင်ဘာ) | ၂၀၀၀ |

ကိုးကား - UNHCR, OCHA, CCCM

## ကချင်ပြည်နယ် ဒေသ-ဖြတ်ကျော် ကူညီထောက်ပံ့မှု ခရီးစဉ်များ

ဇန်နဝါရီ ၂၀၁၄တွင် ကချင်ပြည်နယ်ရှိ အစိုးရ ထိန်းချုပ်မှုပြင်ပ ဒေသများတွင် နေထိုင်လျှက်ရှိသော နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၃၀၀၀၀ဦး ထံ ဒေသ-ဖြတ်ကျော် လူသားချင်း စာနာမှုဆိုင်ရာ ကူညီထောက်ပံ့မှု ခရီးစဉ် ၆-ခု သွားရောက်နိုင်ခဲ့သည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်သော အဆိုပါ ခရီးစဉ်များမှ အစားအသောက်၊ ပညာရေး အသုံးအဆောင်၊ ဆေးဝါး၊ နေရာထိုင်ခင်း၊ တကိုယ်ရေ သန့်ရှင်းရေး အသုံးအဆောင် နှင့် လောင်စာချေတာ မီးဖို တို့ကို ဖြန့်ဝေပေးခဲ့သည်။ နိုင်ငံတကာ အဖွဲ့အစည်းများသည် အစိုးရထိမ်းချုပ်မှု ပြင်ပ ဒေသများသို့ ဒေသ-ဖြတ်ကျော် ခရီးစဉ်များမှတဆင့် ရံဖန်ရံခါ ရောက်ရှိနိုင်ပြီး ဒေသခံအဖွဲ့အစည်းများ၏ ပုံမှန် ဆောင်ရွက်မှု လုပ်ငန်းများကို အားဖြည့်ကူညီ ဆောင်ရွက်ပေးသည်။ဇန်နဝါရီလ ခရီးစဉ်များ အတွင်းတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများ၏ လိုအပ်ချက်ဆိုင်ရာ စစ်တမ်းကို ကောက်ယူခဲ့ပြီး နိုင်ငံတကာ အဖွဲ့အစည်းများ ယခုထက် ပိုမိုရောက်ရှိကာ နေရပ်စွန့်ခွာ တိမ်းရှောင်သူတို့၏ လိုအပ်ချက်များကို ပုံမှန်ဖြည့်ဆည်း ပေးသင့်ကြောင်း တွေ့ရှိရသည်။

အဆိုပါ ဒေသ-ဖြတ်ကျော် ခရီးစဉ်တစ်ခုသည် လနာဇွတ်၊ ဘုံဇီပါ နေရပ်စွန့်ခွာတိမ်းရှောင်သူ စခန်းများသို့ ရောက်ရှိခဲ့ကာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် နမ်လင်းဖရွာမှ တိမ်းရှောင်လာသူ ၁၃၀၀ ဦး တို့အတွက် ကူညီထောက်ပံ့မှု ပစ္စည်းများ ဖြန့်ဖြူး ပေးခဲ့သည်။ နမ်လင်းဖရွာမှ ကျောင်းသူ ကျောင်းသား ၃၂၃ဦးသည် လနာဇွတ်စခန်းရှိ စာသင်ကျောင်း တွင်လည်းကောင်း၊ ရွာသူ ရွာသား ၁၀၅၁ဦး သည် အသစ်နေရာ ချထားပေးသည့် ဘုံဇီပါ-၂ စခန်းတွင်လည်းကောင်း နေထိုင်လျက် ရှိသည်။ ဒေသ-ဖြတ်ကျော် ခရီးစဉ်မှ စခန်း ၂-ခုရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် စောင်၊ အနွေးထည်၊ ရေပုံး၊ ဆေးဝါး၊ တကိုယ်ရေ သန့်ရှင်းရေး ဆိုင်ရာ အသုံးအဆောင်၊ ပညာရေး အသုံးအဆောင် တို့ကို ဖြန့်ဖြူးပေးခဲ့သည်။ လိုအပ်ချက်ဆိုင်ရာ စစ်တမ်းများကို ကောက်ယူခဲ့ပြီး ပညာရေး၊ အကြမ်းဖက်မှု အကာအကွယ်ပေးရေး၊ ရေနှင့် တကိုယ်ရေသန့်ရှင်းမှု၊ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှု၊ အသက်မွေးဝမ်းကျောင်းမှု စသည့်ကဏ္ဍအသီးသီး၏ လိုအပ်ချက်များကို လေ့လာ တွေ့ရှိခဲ့သည်။

### ထပ်မံ ရောက်ရှိလာသော နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အတွက် နေရာထိုင်ခင်း၊ ရေနှင့် တကိုယ်ရေ သန့်ရှင်းမှု ဆိုင်ရာ လိုအပ်ချက်များ

ရှိပြီး နှင့် ထပ်မံရောက်ရှိလာသူ နေရပ် စွန့်ခွာ တိမ်းရှောင်သူများ အားလုံး အတွက် လုံလောက်သော နေရာထိုင်ခင်း အရေး တကြီး လိုအပ်လျှက်ရှိသည်။ သက်တမ်း ၂-နှစ် ကျော်နေသည့် တန်းလျား များအား ပြုပြင်ပေးရန် လိုအပ်ပြီး အသစ် ရောက်ရှိ



ဘုံဇီပါ နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်း၊ ကချင်ပြည်နယ်၊ ဇန်နဝါရီ ၂၀၁၄၊ ဓါတ်ပုံ - OCHA

လာသည့် မိသားစု ၂၉၀အား ယာယီတဲများမှ တန်းလျားများသို့ ပြောင်းရွှေ့ပေးရန် လိုအပ်သည်။ UNHCR နှင့် ဒေသခံအဖွဲ့တစ်ဖွဲ့ဖြစ်သော KMSS တို့မှ အရေးတကြီး လိုအပ်နေသော တန်းလျား ၁၂၀လုံးကို ဖေဖော်ဝါရီလတွင် တည်ဆောက်ပေးမည်ဖြစ်ပြီး ဘုံဗီပါ-၂ စခန်းတွင် တန်းလျား ၁၇၀လုံးနှင့် လနာဗွတ် စခန်းတွင် တန်းလျား ၁၆၀လုံး ထပ်မံ လိုအပ်နေဆဲဖြစ်သည်။ ထို့အပြင် စောင်နှင့် အနွေးထည်များလည်း ထပ်မံ လိုအပ်လျက် ရှိသည်။

*ဖေဖော်ဝါရီလမှ ဧပြီလ အတွင်းတွင် လက်ယက်တွင်းများနှင့် စမ်းချောင်းများ ရေခန်းခြောက်သည့် အတွက် ရေရှားပါးမှုကို မကြာမီ စတင်ကြုံတွေ့ရနိုင်သည်။ ရေပေးဝေမှု စနစ်များကို အဆင့်မြှင့် တည်ဆောက်ပေးခြင်းနှင့် ပုံမှန်ပြုပြင် ထိမ်းသိမ်းပေးခြင်း စသည်တို့ကို အရေးတကြီး ဆောင်ရွက်ပေးရန် လိုအပ်သည်။*

နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၂၀၀၀၀-၂၅၀၀၀ ခန့်သည် နေထိုင်ရန်နေရာမရှိခြင်း၊ လူဦးရေထူထပ်သော စုပေါင်းစခန်းများတွင် နေထိုင်ရခြင်း၊ ဟောင်းနွမ်း ယိုယွင်းနေသော တန်းလျားများတွင် နေထိုင်ရခြင်း စသည့် အခက်အခဲ အမျိုးမျိုးကို ရင်ဆိုင်ရလျက်ရှိသည်ဟု နေရာထိုင်ခင်း စီစဉ်ဆောင်ရွက်ပေးရေးဆိုင်ရာ လုပ်ငန်းအဖွဲ့မှ ခန့်မှန်းသည်။ ထို့အပြင် တန်းလျား ၂၅၀၀ ခန့်ကို ၂၀၁၄ခုနှစ်တွင် ပြုပြင်ပေးရန် လိုအပ်ပြီး နေရပ်စွန့်ခွာ တိမ်းရှောင်သူများအား ဆောက်လုပ်ရေး ကိရိယာများနှင့် သင်တန်းများပေးကာ နေထိုင်ရာ တန်းလျားများကို ပြင်ဆင် ထိန်းသိမ်း နိုင်စေရန် ကူညီ ပံ့ပိုးသွားမည် ဖြစ်သည်။ တန်းလျားများ တည်ဆောက် ပြုပြင်ခြင်းနှင့်အတူ ရေချိုးကန်၊ အိမ်သာ စသည့် တကိုယ်ရေ သန့်ရှင်းမှုဆိုင်ရာ အခြေခံ အဆောက်အဦများ အလုံအလောက်ရှိစေရန်လည်း တပြိုင်တည်း စီစဉ် ဆောင်ရွက် သွားမည်ဖြစ်သည်။

ထို့အပြင် သုံးရေရှားပါးမှု သည်လည်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် အဓိက အခက်အခဲတစ်ခုဖြစ်သည်။ ယာယီ သွယ်တန်းခဲ့သော ရေပိုက်များကို ဆက်လက်အသုံးပြုနေရပြီး ပြုပြင်ထိမ်းသိမ်းပေးရန် အခွင့်အလမ်း နည်းပါးသည့်အတွက် ပျက်စီးလာပြီး ရေရရှိမှု လျော့နည်းလာခဲ့သည်။ ဖေဖော်ဝါရီလမှ ဧပြီလ အတွင်းတွင် လက်ယက်တွင်းများနှင့် စမ်းချောင်းများ ရေခန်းခြောက်သည့်အတွက် ရေရှားပါးမှုကို မကြာမီ စတင်ကြုံတွေ့ရနိုင်သည်။ ရေပေးဝေမှု စနစ်များကို အဆင့်မြှင့်တည်ဆောက်ပေးခြင်းနှင့် ပုံမှန်ပြုပြင်ထိမ်းသိမ်းပေးခြင်း စသည်တို့ကို အရေးတကြီး ဆောင်ရွက်ပေးရန် လိုအပ်သည်။

စခန်းများရှိ အိမ်သာအရေအတွက်မှာ လူဦးရေနှင့် မလောက်ငသည့်အပြင် ရေရှားပါးသည့်အတွက် သန့်ရှင်းမှု မရှိသည်ကို တွေ့ရသည်။ ရေချိုးရန်နှင့် လက်ဆေးရန် နေရာများ မလုံလောက်သည်ကိုလည်း တွေ့ရသည်။ ထို့အပြင် တကိုယ်ရေ သန့်ရှင်းမှုဆိုင်ရာ ကျန်းမာရေးပညာပေး သင်တန်းများ ပြုလုပ်ပေးလည်း လိုအပ်သည်။ စခန်းအသစ်များတွင် ရေနှင့် တကိုယ်ရေ သန့်ရှင်းမှုဆိုင်ရာ အခြေခံအဆောက်အဦများ အလုံအလောက် ဆောက်လုပ်ပေးခြင်း၊ ကူးစက်ရောဂါ ကာကွယ်ခြင်းဆိုင်ရာ သင်တန်းများပေးခြင်း စသည်တို့ကို ရေ၊ မိလ္လာ နှင့် တကိုယ်ရေ သန့်ရှင်းမှုဆိုင်ရာ လုပ်ငန်းအဖွဲ့မှ ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်သည်။ ကာလကြာမြင့်စွာ အသုံးပြုခဲ့ပြီးသော ရေပေးဝေမှုစနစ်များကို အဆင့်မြှင့် ပြုပြင်ပေးခြင်း ကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။ နေရာထိုင်ခင်း၊ ရေနှင့် တကိုယ်ရေ သန့်ရှင်းမှုဆိုင်ရာ လုပ်ငန်း လိုအပ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် ရန်ပုံငွေ ထောက်ပံ့မှု ဆက်လက် ရရှိရန် လိုအပ်သည်။

## ကချင်ပြည်နယ်မှ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ကလေးများ အရည်အသွေး ပြည့်ဝသော ပညာသင်ကြားခွင့် မရှိ

*ကျောင်းသူ/သားများသည် ယာယီ စာသင်ဆောင်များ တွင် စာသင်ကြား နေရပြီး အနွေးထည်၊ စောင်နှင့် ထင်း အလုံအလောက် မရှိသည့် အတွက် အအေးဒဏ်ကို ပြင်းထန်စွာ ခံစားနေရသည်။*

နမ်လင်းဖရွာမှ နေရပ်စွန့်ခွာ တိမ်းရှောင်သူ ၄၀၀၀ ကျော် အနက် မှ ၆၀ ရာခိုင်နှုန်းကျော်မှာ ကလေးများဖြစ်သည်။ ဇန်နဝါရီလတွင် ဆောင်ရွက်ခဲ့သော ဆန်းစစ်မှုများမှ အဆိုပါကလေးများအတွက် ပညာရေးနှင့် အကာအကွယ် ပေးရေးဆိုင်ရာ လိုအပ်ချက်များ တွေ့ရှိခဲ့ရသည်။

လနာဗွတ် စခန်းရှိ ဘော်ဒါကျောင်းတွင် နမ်လင်းဖမှ ကျောင်းသူ/သား ၃၂၃ဦးနှင့် ဆရာ/မ ၃၅ဦးတို့ သည် နဂို ရှိပြီးဖြစ်သော ကျောင်းသူ/သား ၁၄၄ဦးနှင့် ဆရာ/မ ၃၂ဦးတို့နှင့်အတူ နေထိုင်ရလျက်ရှိသည်။ နေရာထိုင်ခင်း နှင့် စာသင်ခန်း မလုံလောက်ခြင်း၊ ဖတ်စာအုပ် နှင့် စာရေးကိရိယာများ မပြည့်စုံခြင်း၊ အစားအသောက် မပြည့်စုံခြင်း၊ အာဟာရပြည့်စုံအောင် မစားသောက်ရခြင်း၊ စောင်နှင့်အနွေးထည်များ မလုံလောက်ခြင်း၊ ထင်းရှားပါးခြင်း၊ ရေရှားပါးခြင်း၊ အိမ်သာ မလုံလောက်ခြင်း စသည့် အခက်အခဲများ ကြုံတွေ့နေရသည်ကို တွေ့ရှိရသည်။

ကျောင်းသူ/သားများအတွက် အာဟာရ ပြည့်ဝသော အစားအသောက်များ၊ နေရာ ထိုင်ခင်းနှင့် စာသင်ခန်းများ၊ စာအုပ်နှင့် စာရေးကိရိယာများ၊ ရေနှင့် မိလ္လာ အဆောက်အဦများ၊ စောင်နှင့် အနွေးထည်များ၊ ထင်းနှင့် မီးဖိုများ စသည်တို့ ပံ့ပိုးပေးရန် လိုအပ်သည်။ အလားတူ ဘုံဇီပါ စခန်းရှိ မူလတန်း ကျောင်း တွင်လည်း ကျောင်းသားများ ထပ်မံ ရောက်ရှိနေပြီး စာအုပ်နှင့် စာရေး ကိရိယာများ၊ အိမ်သာများ ထပ်မံ လိုအပ် နေသည်။



လနာဇွတ် စခန်းရှိ ယာယီ စာသင်ကျောင်းဆောင်
ဇန်နဝါရီလ ၂၀၁၄၊ ဓါတ်ပုံ - UNICEF

နမ်လင်းဖ မှ ကျောင်းသူ/သား ၃၂၃ဦး ပညာသင်ကြားနေသည့် လနာဇွတ် စခန်းနှင့် နစ်နာရီခန့် ခြေလျင်လျှောက် ရသော ဘုံဇီပါ-၂ စခန်းတွင် မိဘများနေထိုင်ပြီး မိမိတို့ သားသမီးများ စစ်မှုထမ်းခြင်း၊ အကြမ်းဖက်ခံရခြင်း၊ လူကုန်ကူးမှုခံရခြင်း စသည့် အန္တရာယ်တို့မှ ကင်းဝေးပြီး ပညာသင်ကြားခွင့် ရသည့်အတွက် စိတ်သက်သာ ရကြောင်း ပြောကြားကြသည်။ ဘုံဇီပါ-၂ စခန်းရှိ မူလတန်းကျောင်းအား တိုးချဲ့ပေးပါက ကျောင်းသားများ မိဘအနီးတွင် ပညာသင်ကြားနိုင်မည် ဖြစ်သည်။

ပဋိပက္ခကာလ အတွင်း ဝေးလံသော ဒေသများသို့ တိမ်းရှောင်သွားရသော ကလေးများ ပညာဆက်လက် သင်ကြား နိုင်ရန်အတွက် ဘော်ဒါကျောင်းများ တည်ဆောက်ပေးခဲ့သည်။ ပညာသင်ကြားခွင့် ရရှိသော်လည်း ကလေးများ အတွက် ကာကွယ် စောင့်ရှောက်ရေး ဆိုင်ရာ လိုအပ်ချက်များ ကို ဆက်လက် စောင့်ကြည့် ဖြည့်ဆည်းပေးရန် လိုအပ်ဆဲ ဖြစ်သည်။ လုံလောက်သော ကြီးကြပ်မှုများ၊ သင့်လျှော်သည့် နေထိုင်မှု အခြေအနေများနှင့် ပြည့်စုံရန် လိုအပ်ဆဲ ဖြစ်ပြီး အသုံးအဆောင် နှင့်အထောက်အကူများ အပြည့်အဝ ရရှိရန်လည်း လိုအပ်နေသည်။


ကာလကြာရှည်လာသော နေရပ်စွန့်ခွာ တိမ်းရှောင်မှုကြောင့် ကဏ္ဍအမျိုးမျိုးအတွက် ကူညီထောက်ပံ့မှုများ ထပ်မံ လိုအပ်လာခဲ့ပြီး ပညာရေးကဏ္ဍ၏ လိုအပ်ချက်များကို အပြည့်အဝ ဖြည့်ဆည်းပေးရန် ခက်ခဲလာသည်။ အစိုးရ ထိမ်းချုပ်မှု ပြင်ပရှိ ဒေသများ၌ ကြုံတွေ့နေရသော ပညာရေးဆိုင်ရာ အခက်အခဲများနှင့် လိုအပ်ချက်များကို အပြည့်အစုံ သိရှိနားလည်နိုင်ရန် ဘော်ဒါကျောင်းများနှင့် ကလေးသူငယ် ဖွံ့ဖြိုးမှုဆိုင်ရာ အဆောင်များအား ကွင်းဆင်း လေ့လာလျှက်ရှိသည်။ ပညာရေး ကဏ္ဍအတွက် လိုအပ်သည့် ရန်ပုံငွေ အပြည့်အဝ မရရှိသည့်အတွက် ကလေးသူငယ် ကာကွယ်ရေး၊ ပြန်လည် ထူထောင်ရေး စသည့် လုပ်ငန်းစဉ်များတွင် အဓိက အခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက်ပေးနိုင်ခွင့်ကို အကောင်အထည်ဖေါ်ရန် ခက်ခဲလျှက်ရှိသည်။

## ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် နေရပ်စွန့်ခွာရသူများ ရှိနေဆဲ

ဇန်နဝါရီလ ၁၃နှင့် ၁၄ရက်တို့တွင် ဒုချီးရားတန်းရွာ၊ မောင်တောမြို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်မှ ရဲတပ်ကြပ်ကြီး တစ်ဦး အသတ်ခံရခြင်းနှင့် မွတ်ဆလင် အရပ်သားများ သေဆုံး ဒဏ်ရာ ရရှိခြင်း သတင်းများ ပျံ့နှံ့လာခဲ့သည်။ မွတ်ဆလင် ရွာသား ၂၀၀၀ ကျော် နေရပ်မှစွန့်ခွာ တိမ်းရှောင်ခဲ့ပြီး ဒဏ်ရာရရှိသူ ၂၀ဦးတို့ကို နိုင်ငံတကာ အဖွဲ့အစည်းအတစ်ခုမှ ဆေးကုသမှု ပေးခဲ့သည်ဟုလည်း သတင်းများ ပျံ့နှံ့ခဲ့သည်။

ကုလသမဂ္ဂ အဖွဲ့အစည်းမှ ရရှိထားသော သတင်းတို့ကို အစိုးရထံ အသိပေးတင်ပြခဲ့ပြီး လွတ်လပ်သော စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ရန် တင်ပြခဲ့သည်။ အစိုးရမှ အရပ်သားများ၏ လုံခြုံရေးကို ကာကွယ် ပေးရန်နှင့် လူသားချင်း စာနာမှု ကူညီထောက်ပံ့ရေး ဆိုင်ရာ ဝန်ထမ်းများအား အရေးပေါ် ကူညီထောက်ပံ့မှုများ သွားရောက် ပေးအပ်ခွင့် ပြုရန် ကိုလည်း တင်ပြ တောင်းဆိုခဲ့သည်။

ရခိုင်ပြည်နယ် အစိုးရ တာဝန်ရှိသူများမှ ဇန်နဝါရီလ ၁၃-၁၄ ရက်နေ့တို့တွင် ပျောက်ဆုံးနေသော ရဲတပ်ကြပ်ကြီးကို ရှာဖွေခဲ့ကြောင်း၊ လူအခွင့်အရေး ချိုးဖောက်မှုနှင့် အရပ်သားများ သေဆုံးမှုများ မဖြစ်ပွားခဲ့ကြောင်း ပြောကြား ခဲ့သည်။ ဇန်နဝါရီလ ၂၈ရက်တွင် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲ၌ အရပ်သားများ သေဆုံးမှု ဆိုင်ရာ အထောက်အထားများ မတွေ့ရှိကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် နိုင်ငံတော် သမ္မတကြီး၏ ညွှန်ကြားချက်အရ ဖွဲ့စည်းသော စုံစမ်းရေး ကော်မရှင်




တို့မှလည်း စစ်ဆေးမှုများ ထပ်မံ ပြုလုပ်ခဲ့သည်။ ဇန်နဝါရီလ ၂၈ တွင် ဒုချီးရားတန်း အနောက်ရွာ၌ နေအိမ် ၁၆လုံး မီးလောင်ကျွမ်းခံခဲ့ရပြီး ရှို့မီးဟု သံသယ ရှိကာ စုံစမ်း စစ်ဆေးဆဲ ဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နှင့် ရခိုင်ပြည်နယ်အစိုးရ တို့မှ ဒုချီးရားတန်းရွာသို့ ပြန်လည် ရောက်ရှိလာသူတို့အတွက် လိုအပ်သည့် အကူအညီများ ပေးအပ်လျက်ရှိသည်။ လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့များမှ ကျန်ရှိသည့် နေရပ်စွန့်ခွာ တိမ်းရှောင်သူများထံ လိုအပ်သည့် အကူအညီများ သွားရောက်ပေးအပ်နိုင်ခွင့်ကို တင်ပြတောင်းခံ ထားသည်။

## နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများရှိ ဆယ်ကျော်သက် အမျိုးသမီးငယ်များအတွက် အဓမ္မအကြမ်းဖက်မှုအန္တရာယ်များ

*ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်များ စခန်း အပြင်တွင် ထင်းကောက်ချိန် များ၌ အဓမ္မ အကြမ်းဖက်ခံ ရမှု များရှိကြောင်းကို ဦးတည်အုပ်စု ဆွေးနွေးပွဲ များမှတဆင့် သိရှိရသည်။*

ဇန်နဝါရီလတွင် လူသားချင်း စာနာမှုဆိုင်ရာ အဖွဲ့များမှ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ် နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများရှိ ဆယ်ကျော်သက် အပါအဝင် အရွယ်ရောက်ပြီး အမျိုးသမီးများ နှင့် ဦးတည်အုပ်စု ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုး နှင့် မွတ်ဆလင် စခန်း ၃-ခုတို့မှ အမျိုးသမီး အုပ်စု ၅-စု နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဆယ်ကျော်သက် အမျိုးသမီးများမှာ အဓမ္မ အကြမ်းဖက်မှုအန္တရာယ် အရှိဆုံး အုပ်စု ဖြစ်သည်ကို တွေ့ရှိရသည်။ စခန်းအပြင်ထွက်၍ ထင်းရှာသည့်အချိန်များ၌ အဓမ္မ ပြုကျင့်မှုခံခဲ့ရကြောင်း သိရှိရပြီး စခန်းတစ်ခု တွင် ၄-ကြိမ်ထိရှိခဲ့ကြောင်း ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်များ၏ ပြောပြချက်အရ သိရသည်။ ထို့အပြင် အမျိုးသမီးငယ်များသည် ငွေကြေးအတွက် မိသားစုမှ အတင်းအကြပ် အိမ်ထောင်ချပေးခံရမည်ကိုလည်း စိုးရိမ်ကြပြီး၊ လူကုန်ကူးမှု ပြခံရမည့် အန္တရာယ်ကိုလည်း စိုးရိမ်ကြသည်။

ကချင်ပြည်နယ်တွင် လိုင်ဇာဒေသမှ အမျိုးသမီး အုပ်စု ၅-စုနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အုပ်စုအားလုံးမှ အမျိုးသမီးများက နေအိမ်များကို စွန့်ခွာပြီး စခန်းများသို့ လာရောက်နေထိုင်ရခြင်းမှာ အဓမ္မ အကြမ်းဖက်မှု အန္တရာယ်ကို စိုးရိမ်မှုကြောင့်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဆယ်ကျော်သက်အရွယ် အမျိုးသမီးများမှာ အဓမ္မ အကြမ်းဖက်ခံရမှု အန္တရာယ် အရှိဆုံး ဖြစ်သည်ဟုလည်း ထပ်မံတွေ့ရှိရသည်။ နယ်စပ်မှတဆင့် လူကုန်ကူးမှု အန္တရာယ်ကို မကြာခဏ ကြုံတွေ့ရကြောင်းကိုလည်း သိရှိရသည်။

ကချင်ပြည်နယ်တွင် မေတ္တာ ဖွံ့ဖြိုးတိုးတက်မှု ဖေါင်ဒေးရှင်းမှ UNFPA ၏ကူညီပံ့ပိုးမှုနှင့်အတူ အမျိုးသမီး ကူညီစောင့်ရှောက်ရေး ဆိုင်ရာ စခန်း ၈-ခုကို ဖွင့်လှစ်ထားပြီး အကြမ်းဖက်ခံရသူ အမျိုးသမီးများအား နှစ်သိမ့် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အကြမ်းဖက်ခံရမှု အန္တရာယ်ရှိသော အမျိုးသမီး အုပ်စုများ လုံခြုံ စိတ်ချရစေရန်အတွက် စခန်း စီမံအုပ်ချုပ်သူ တို့နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ် စစ်တွေရှိ စခန်း ၆-ခုတွင်လည်း အလားတူ ကူညီ ပံ့ပိုးမှုများ ပြုလုပ်ပေးရန် စီစဉ်လျက်ရှိပြီး လက်ရှိတွင် နိုင်ငံတကာ အဖွဲ့အစည်းများမှ အကြမ်းဖက်ခံရသူ အမျိုးသမီးများ အတွက် နှစ်သိမ့်ကူညီမှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**<u>ထပ်မံသိရှိလိုပါကဆက်သွယ်ရန်</u>**

- အီဗာ မော့ဒ်ဗစ်ဂ်၊ သတင်းအရာရှိ၊ modvig@un.org ၊ ဖုန်း ၀၉ ၄၂၀၂ ၇၅၈၇၇
- ပီယာ ပီရုမ်း၊ ပြန်ကြားရေးအရာရှိ၊ peronp@un.org ၊ ဖုန်း ၀၉ ၂၅၀၁ ၉၈၉၉၇
- OCHA လူသားချင်းစာနာမှုဆိုင်ရာ သတင်းလွှာများကို www.reliefweb.int တွင်လည်း ရယူနိုင်ပါသည်။